# အလ္လာဟ်က လူသားတွေကို ဖန်ဆင်းပြီး အပျင်းပြေ ကစားနေတာလား

အလ္လာဟ်က လူသားတွေကို ဘယ်သူ့ရဲ့ တိုက်တွန်းချက်မှမပါပဲ သူ့ဘာသာ ဖန်ဆင်းတယ်။ လူတွေက ကိုယ့်ဆန္ဒမပါပဲ လောကကိုလည်း ရောက်လာရသေးတယ်။ ပြီးတော့ တမန်တော်တွေလွှတ် ကျမ်းဂန်တွေ ချပေးနဲ့ အလ္လာဟ်က ဇာတ်လမ်းတွေ သက်သက်ရှုပ်နေတယ်။ ပြီးတော့ ဒီမှာ ရှန်းရကန်ရနဲ့ ဒုက္ခတစ်လှည့် သုခတစ်လှည့်နဲ့ သံသရာလည်လို့။ ပြီးရင် ကေယာမသ်ကျရင် အလ္လာဟ်အပြစ်ပေးတာကို အပြစ်ရှိတဲ့လူသားဟာ ခံရဦးမယ်။ ဆိုလိုချင်တာက အလ္လာဟ်ဘာတွေ ရှုပ်ပြီး ပွဲခံနေတာလဲ။ တခြားလုပ်စရာမရှိတော့လို့ လူတွေကို ကစားနေတာလား....

လေးစားစွာဖြင့်
ချမ်းငြိမ်း

ညီလေးရေ

ဒီမေးခွန်းတွေကို နားလည်လာစေဘို့ ညီလေးကိုယ်တိုင် အရင်ကြိုးစားပါ။ တစ်ပိုဒ်ချင်းစီ ပို့ပေးပါမယ်။ ဖြစ်နိုင်ရင် ဖိုင်တွဲထားပြီး သိမ်းထားပါ။

ဒီလို ဦးနှောက်ဝိရောဓိတွေကို ကြည်ကြည် လင်လင်ဖြစ်စေဘို့ အတွက် နားလည်ရမယ့် အဆင့်တွေက များ တယ်။
(၁) အလ္လာဟ် ဆိုတာကို နားလည်ရမယ်၊ (၂) ဖန်ဆင်းမှု သဘောကို နားလည်ရမယ် (၃) လူ ဆိုတာ ဘာလဲ နားလည်ရမယ် (၄) တမန်တော် ဆိုတာ ဘာလဲ နားလည်ရမယ် (၅) ဒုက္ခ- သုခ ဆိုတာ ဘာလဲ နားလည်ရမယ် (၆) ကီယာမတ် ဆိုတာ ဘာလဲ နားလည်ရမယ် (၇) အပြစ်ပေးခံရခြင်း ဆိုတာ ဘာလဲ နားလည်ရမယ်။
ဒါတွေကို ညီလေး ချမ်းငြိမ်း ကိုယ်တိုင်က အရင်နားလည်ဘို့ လိုလိမ့်မယ်။ ကျွန်တော်ဖြေရှင်းတဲ့အခါမှာ ညီလေးကိုယ်တိုင်က ကျွန်တော့ကို အထင်မလွဲဘို့ အရင် သတိထားပါ။ (ကြားဘူးနားဝ မဟုတ်တဲ့) သာသနာ အစစ်ကို ရှင်းရတော့မှာ မို့ပါ။

(၁) အလ္လာဟ် ဆိုတာကို ဂျူး၊ ခရစ်ယာန်နဲ့ အရှေ့အလယ်ပိုင်းဒေသရှိ ရှေးဘာသာဝင်အားလုံးက ကောင်းကင်က ရာဇပလ္လင်မှာ စံမြန်းတော်မူနေတော်မူတဲ့ **လူပုံစံ** မဟာတန်ခိုးတော်အရှင် ဖန်ဆင်းရှင်ကြီးဖြစ်တယ်လို့ ခံစား ယုံကြည်ထားကြတယ်။ ခရစ်ယာန်နဲ့ ဂျူးတို့ရဲ့ ဓမ္မဟောင်း သမ္မာကျမ်း ကမ္ဘာဦး အခန်းကြီး (၁း၂၇) မှာ **ဘုရား သခင်သည် မိမိပုံသဏ္ဍာန်နှင့် အညီ လူကို ဖန်ဆင်း၏** ဆိုတဲ့ စကားကို ကောက်ယူပြီး ဘုရားဆိုတာလူပုံစံ ဖြစ်တယ်လို့ မြင်ယောင်ခံစားနေကြတာပါ။
အလားတူပဲ ခရစ်ယာန်၊ ဂျူး မဟုတ်တဲ့ ရှေးအာရပ်(မုရှ်ရီးခ်က်)များကလည်း အလ္လာဟ် ဆိုတာကို လူပုံစံမျိုး ခံစားယုံကြည်ကြတယ်။ ဒါကြောင့် ကုရ်အံထဲမှာ ရှေးအာရပ်များက "အလ္လာဟ်မှာ ကိုယ်ပွား သားသမီးများ ရှိသည်"ဟု ခံစားထားကြောင်း ၆း၁၀၀ မှာ ဖေါ်ပြထားတယ်။
အဲ့ဒီလို လူသားထုကြီးကို ကိုယ်တော်မုဟမ္မဒ်က တရားဒေသနာ ဟောပြောရတယ်။ ကိုယ်တော်တရားဟော ပြောတာကို လက်ခံတဲ့ လူတွေက မူဆလင်ဖြစ်လာတယ်။ ဒီနေရာမှာ

အဓိက သော့ချက်က "ခံစားယုံကြည် ချက်" ဆိုတာပါ။ ကိုယ်တော်နဲ့ လက်ရင်းသာဝက အနည်းစုမျှသာ ကျမ်းတော်က ပြောတဲ့ အလ္လာဟ် ဆိုတာကို နားလည်နိုင်အား ရှိကြတယ်။ (သို့မဟုတ် အများသူငါများနဲ့ နားလည်နိုင်တဲ့ပါဝါ ကွဲပြားကြတယ်။)
ကိုယ်တော်မုဟမ္မဒ်ကို ဉာဏ်စဉ်အားဖြင့် သိစေတဲ့ အလ္လာဟ် ဆိုတာက အထက်ဖေါ်ပြပါ မိရိုးဖလာခံစားထားမှု များနဲ့ ကွာနေတယ်။ ဒီတော့ မိရိုးဖလာဝါဒီတွေက ခင်ဗျားပြောနေတဲ့ အလ္လာဟ် ဆိုတာ ဘာလဲလို့ မေးလာတယ်။ မေးလာတော့ ကိုယ်တော့ဆီမှာ သူ့တို့အတွက် ပြောပြစေဘို့ "ဟော့လော့" ဆိုတဲ့ အသိဉာဏ်စဉ်နဲ့ အစချီပြီး အလ္လာဟ် ဆိုတာကို ဟောပြောစေတယ်။ ဆူရာဟ် ၁၁၂ ကိုကြည့်ပါ။
ဘယ်လောက်ပဲ ဟောပြောဟောပြော- နားလည်နိုင်မှု ပါဝါ ဆိုတာက အရေးကြီးသေးတယ်။ (နားလည်လည်၊ နားမလည်လည် ကိုးကွယ်ယုံကြည်တဲ့ လူသားက ၉၀ ရာနှုန်းကျော်ပါတယ်။ လက်တွေ့ဘဝကြီးနဲ့ ဆင်ခြင် ကြည့်ပါ။)
ကိုယ်တော်ရဲ့ခေတ်မှာ လူအနည်းအပါးက အစ္စလာမ်ကို လက်ခံလာခဲ့တာမှာ အကြောင်းရင်းတွေ ရှိတယ်။ (၁) သူတို့ကိုယ်တိုင်က မိရိုးဖလာကြီးမှာ ဂိုဏ်းတွေ အစိတ်စိတ်ကွဲပြီး သူ့ဂိုဏ်းငါ့ဂိုဏ်း တိုက်ကြ စစ်ဖြစ်ကြနဲ့ လူထု က စိတ်ကုန်နေလှပြီ၊ (၂) မိရိုးဖလာဘာသာကြီးကို ကိုယ်စားပြုထားတဲ့ ဂေါပကများ ဘာသာရေးလူတန်းစားများ၊ ဘာသာတရားအပေါ် အကြောင်းပြလုပ်စားမှုများ ဒဏ်ကို မခံချင်သူကများလာတယ်။ (၃) ဘဝတိုးတက်မှုများ လုံးပါးပါး သုန်းဆိတ်လာနေတယ်။
ဒီအခြေအနေမှာ ကိုယ်တော်မုဟမ္မဒ်က မိရိုးဖလာထဲက သီးခြား ဖြစ်တယ်။ ပုဂ္ဂိုလ်ရေးဖြောင့်မတ်တည်ကြည်တယ်။ လူတွေအပေါ်မှာ ကရုဏာကြီးတယ်။ သူ့ပါးစပ်က သာသနာ အစစ်ပါလို့ ထွက်လာတဲ့ စကားလုံးတွေက ဂိုဏ်းမရှိဘူး၊ ဘာသာရေးလူတန်းစား မရှိဘူး၊ လူသားဆန်တယ်၊ လူသားတွေရဲ့ ဘဝဖြစ်တည်မှုအတွက် လုံခြုံစေမှုတွေပါဝင်တယ်။ ယုံကြည်စိတ်ချ အားကိုးလောက်တဲ့ ဥပဒေတွေပါဝင်တယ်။ လူသားချင်း စစ်ဖြစ်မုန်းတီး နေမယ့်အစား ချစ်ခင်ကြင်နာမှု စည်းလုံးညီညွတ်မှုတွေ ပါဝင်တယ်။ ဒါတွေကို လူတွေက အားကိုးလာတယ်။
အင်မတန် လူနည်းစုလေးကသာ "ဝဟီ" ဆိုတဲ့ ဉာဏ်စဉ်ပေါက်မြောက်မှုကို နားလည်ခဲ့တာပါ။ အဲ့ဒီ လူနည်းစုလေးထဲမှာ အဘူဘကရ်၊ အိုမာရ်၊ အွတ်ဆမန်၊ အလီ တို့ ပါဝင်ခဲ့တယ်။ (အခု ဟဒီးဆ် အများစုကြီးကို ဆင့်ပြန်ခဲ့တဲ့ အဘူဟူဒါယေဒါတောင် ဝဟီ ဆိုတာကို စစ်စစ်မှန်မှန် မသိခဲ့ဘူး၊ နောက်ဆက်မှာ ကြည့်ပါ။)
လူ့အခွင့်အရေး အတွက် အားကိုးလောက်လို့ လူများစုကြီးက အစ္စလာမ်ကို လက်ခံခဲ့တာက များတယ်။ အခုခေတ်မှာ လူတွေက ဒီမိုကရေစီကို ရူးသွပ် သလိုပေါ့။ ဟုတ်ဟုတ် မဟုတ်ဟုတ်- သိသိ မသိသိ သူတို့ မျှော်လင့်ချက်က ဒီမိုကရေစီသာဆိုရင် ငါတို့တွေ ကြပ်တည်းမှာ မဟုတ်ဘူးဆိုတာလောက်နဲ့ ဒီမိုကရေစီကို မျှော်လင့်သလိုပေါ့ဗျာ။
ဒီလိုနဲ့ အစ္စလာမ်က ကြီးထွားလာတယ်။ ကြီးထွားလာတော့- မက္ကာဟ်၊ မဒီနာသာမကဘဲ အာရပ်ဒေသကြီး တစ်ခုလုံး ပျံ့နှံ့သွားတယ်။ ဘေးပတ်ဝန်းကျင်က ပါရှားအင်ပါယာ၊ ရောမအင်ပါယာထဲကို စိမ့်ဝင်သွားတယ်။ မူဆလင်မင်းတွေက နယ်ချဲ့ခဲ့တာ မဟုတ်ဘဲ ဒီမိုကရေစီဝါဒ ပြန့်သလို ပြန့်သွားခဲ့တာပါ။
ဒီနေရာမှာ ကျွန်တော်ပြောချင်တာက သမိုင်း မဟုတ်ဘူးဗျာ။ အလ္လာဟ် ဆိုတဲ့ အရာ ဘာလဲလို့ ရှင်းလိုတာပါ။ အစ္စလာမ့်ဥပဒေများကောင်းပြီး- အဲ့ဒီ ဥပဒေများက စကြာဝဠာအလုံးစုံ၊ လူ၊

သတ္တဝါအားလုံးကို ဖြစ်တည်စေတဲ့ အရှင်၊ ကိုးကွယ်ရာအရှင်ရဲ့ ဥပဒေလို့ ဒီဒေသက လူသားတွေက လက်ခံပါတယ်။ ဥပဒေကောင်းလို့ လက်ခံတာရယ်၊ သူတို့ နဂိုနဲ့ သူတို့ ဖန်ဆင်းရှင်ကို လက်ခံထားတာရယ် ဆိုတော့ အခက်အခဲမရှိ လက်ခံလိုက်တာပါ။ သူတို့နဂိုက ဗုဒ္ဓဘာသာလို၊ ကွန်မြူနစ်လို ဖန်ဆင်းရှင်ကို လက်မခံခဲ့ရင်း ဖြစ်ရင်တော့ ဖန်ဆင်းရှင်ဆိုတာ ဘာလဲ စောကြောမိကြမှာပဲ။ အခုတော့ ဖန်ဆင်းရှင်ဆိုတာ ဘာလဲလို့ စောကြောနေဘို့မလိုဘဲ လက်ခံရင်းစွဲ အတိုင်း လက်ခံလိုက်ကြတော့တယ်။

လက်ခံခဲ့တဲ့ အထဲမှာ စာပေပညာရှင်တွေ အများစုကြီးက ဂျူးတွေ၊ ခရစ်ယာန်တွေ ဖြစ်နေခဲ့တယ်။ စာပေပညာ ရှင်တွေကပဲ နောက်ပိုင်း သာသနာပြုကျမ်းတွေကို ပြုစုကြတာပါ။ ဒီတော့ သူတို့က သူတို့လူထုအတွက် အစ္စလာမ်သာသနာပြုကျမ်းတွေ ပြုစုလာတော့ အလ္လာဟ် ဆိုတာကို သူတို့ ခံစားထားပြီးအတိုင်း ရှေးအစွဲနဲ့ ပုံစံမျိုး (ခရစ်ယာန်၊ ဂျူး၊ မဂျူစီ၊ ရှေးအာရပ်ရိုးရာ ခံစားများအတိုင်း) သုံးနှုန်းတင်ပြခဲ့တယ်။ ဒါကြီးက အစဉ်အလာဖြစ်လာပြန်တော့ဒီနေ့မူဆလင်ထုကြီးထဲမှာ အလ္လာဟ်ဟာ သမ္မာကျမ်းလာပုံစံလိုလို ဖြစ်ရောဗျာ။ ဒီနေ့မှာ ကုရ်အံဝါဒီတွေပါလို့ ကြွေးကျော်နေတဲ့ လူတွေတောင် အလ္လာဟ်ဆိုတာ ဘာလဲခံစားချက်ထဲမှာ ခရစ်ယာန်များ ဂျူးများနဲ့ သိပ်မကွာလှဘူး ဖြစ်နေတယ်။

ယုံကြည်ရင်းစွဲ လူထုကြီးအတွက် ဘာပြဿနာမှ မရှိဘူး။ ဘယ်လိုယုံယုံ၊ ဘယ်ပုံယုံယုံ အကုသိုလ်လည်း မဟုတ်ဘူး (လူသားနဲ့ အပြစ် ဆိုတာမှာ ဆက်ကြည့်ပါ။)

ဒါပေမယ့် ပြုပြင်ပြောင်းလဲမှုပေါင်းများစွာနဲ့ ယုတ္တိမဲ့နေတဲ့ သမ္မကျမ်းကို အာခံပြီး သမ္မာကျမ်းလာ ထာဝရဘုရား ပုံစံကို လက်မခံတော့တဲ့ **ဘာသာမဲ့** အုပ်စုကြီး ပေါ်လာတော့ သူတို့က သူတို့သိနေတဲ့ သူတို့လေ့လာဘူးတဲ့ ထာဝရဘုရားကို ဝေဖန်လိုက်တာ မူဆလင်များ အစဉ်အလာယုံကြည်လက်ခံလာတဲ့ ခရစ်ယာန်ပုံစံ အလ္လာဟ်လည်း စုတ်ပြတ်သွားရောဆိုပါတော့။ ဝေဖန်စရာရှိလို့ ဝေဖန်တာမှာ ဝေဖန်သူများဘက်က ဘာအပြစ်မှမရှိဘူး။ ဒါကို အပြစ်ရှိတယ်လို့ စွပ်စွဲရင် စွပ်စွဲသူများက မျက်လုံးမှိတ် အယူသည်းသူများသာ ဖြစ်တယ်။

## <u>ကျမ်းတော်က ပြောတဲ့ အလ္လာဟ်</u>

အလ္လာဟ်ဆိုတာ မင်းတို့ ခံစားတွေးယူသလို မဟုတ်ဘူးလို့ကျမ်းတော်မှာ မကြာခဏပြောတယ်။ အလ္လာဟ် ဆိုတာ ဆွဗ္ဗဟာနဲလ္လာဟ် (အစ္စိန္တယျ- တုနှိုင်းဆင်ခြင်လို့ မရဘူး)လို့ ဆိုတယ်။ ပိုပြီးရှင်းအောင် ဆူရာဟ် ၁၁၂ မှာ ဝါကျလေးကြောင်းထဲနဲ့ ပြည့်စုံအောင် ပြောထားတယ်။ (၁) အလ္လာဟ် ဆိုတာ၊ အဟာဒ် ဖြစ်တယ်။ အဟာဒ် ဆိုတာက "တစ်" ပေါ့ဗျာ။ ဒါပေမယ့် အင်္ဂလိပ်များ၊ မြန်မာများ နားလည်ထားတဲ့ "တစ်" ဂဏန်း မဟုတ်ဘူး။ အင်္ဂလိပ်များ မြန်မာများ နားလည်ထားတဲ့ "တစ်" ဆိုတာက ရှေ့က သုည ရှိတယ်၊ နောက်က နှစ် ရှိတယ်။ အဲ့လို "တစ်"ကဂဏန်းမျိုးကို အာရ်ဗီမှာ "ဝါဟက်တ်"လို့ ခေါ်ပါတယ်။ "အဟာ့ဒ်" ဆိုတဲ့ "တစ်"က ရှေ့ကလည်း ဘာမှ မရှိ၊ နောက်ကိုလည်း ဆက်လက်ရေတွက်ဘို့ရာ ကဂဏန်း မရှိဘူး သီးသန့်ကို ဖြစ်ပါတယ်။ ဒီစကားလုံးကို (၂) ဆွမတ်သ် ဆိုတဲ့ စကားလုံးနဲ့ ဆက်လက်ရှင်းပြပါတယ်။ ဆိုလိုတာက မှီတည်ခြင်း မလို တုနှိုင်းမဲ့ ဖြစ်တယ်။ မှီတည်ခြင်းမလိုဘူး ဆိုတာ unlimited ကို ပြောတာပါ။ ဘောင်မရှိ အကန့်အသတ်မရှိ စည်းမရှိ နယ်နမိတ်မရှိ တည်နေတော်မူတယ်ပေါ့။ ဒီလိုဆိုတော့ ပိုရှုပ်သွားနိုင်တယ်။ နားလည်နိုင်အောင် အဲ့ဒီ သီအိုရီကို ပြောင်းပြန်နားလည်လိုက်ပါ။ အလ္လာဟ်မှ လွဲ၍ ကျန်သောအရာအားလုံးဟာ ဘောင်ရှိတယ်၊ အကန့်အသတ်ရှိတယ်၊

စည်းရှိတယ်၊ နယ်နမိတ်ရှိတယ်၊ တနည်းအားဖြင့် limited ထဲမှာ ရှိနေတယ်။ limited ထဲမှာ ရှိနေတဲ့ အရာအားလုံး (ကမ္ဘာ၊ စကြာဝဠာ၊ သတ္တဝါ အားလုံး)က ရုပ် ရှိတယ်၊ သဏ္ဍာန်ရှိတယ်။ ဘောင်၊ အကန့်အသတ်၊ စည်း၊ နယ်နမိတ် တွေက ရုပ် သဏ္ဍာန်ကို ဖြစ်စေတယ်လေ။ (ဥပမာ- လူတစ်ဦးကို မြင်ကြည့်ပါ။ သူ့မှာ လက်ဆိုရင် ဘယ်လောက် အတိုင်းအတာ ဆိုတဲ့ ကန့်သတ်ချက်ဘောင်ရှိနေတယ်။ ဒါကြောင့် လက် ဆိုတာ ဖြစ်တည်နေတယ်။ ဒီထက်ပိုရှင်းအောင် လုံးဝ ဗလာ စာရွက်တစ်ရွက်မှာ လူပုံကို ဆွဲကြည့်ပါ။ ဘောင်တွေ၊ စည်းတွေ အတိုင်း မျည်းကြောင်းကို ဆွဲလိုက် တော့မှ လူပုံထွက်လာလိမ့်မယ်။ တစ်ကယ်လို့ အဲ့ဒီ စာရွက်မှာ ဘာမှ ဘောင်၊ စည်း မဆွဲလိုက်ရင် ဘာပုံမှ ထွက်လာမှာ မဟုတ်ဘူး။ အလားတူပဲ ကြက်ပုံကို လိုချင်ရင် ကြက်ရဲ့ပုံစံ မျဉ်းကြောင်းဘောင်ခတ်လိုက်ရမယ်၊ နေပုံကို လိုချင်ရင် နေရဲ့ ပုံစံ မျဉ်းကြောင်းဘောင်ခတ်လိုက်ရမယ်။ အလင်းကို လိုချင်ရင် ဘေးက အမှောင် ဘောင်ခတ်လိုက်ရမယ်) ဒီတော့ ဘောင်၊ စည်းရဲ့ အတွင်းမှာသာ လူ၊ သတ္တဝါ၊ ကမ္ဘာ၊ စကြာဝဠာ တစ်ခုချင်းတစ်ခုချင်း ဖြစ်တည်နေရပါတယ်။

ဘောင်၊ သို့မဟုတ် ရုပ် ဆိုတာမှာ ခန္ဓာရုပ်၊ နာမ်ရုပ်၊ ဉာဏ်ရုပ်၊ စိတ်ရုပ် တွေရှိနေသေးတယ်။ ဒါတွေအားလုံးက limited ရှိနေတယ်။ limited ရှိနေတဲ့ အရာတိုင်းဟာ သူ့ဘောင်အတွင်းက ရုပ် ရှိနေပါတယ်။ အလ္လာဟ် ဆိုတာ က အဲ့ဒီ ဘောင်ထဲက ကင်းနေပါတယ်။

ဒါဆို ဘာမှ မရှိဘူးလားလို့ တန်ပြန်စောကြောစရာ ရှိတယ်။ ဒီတော့၊ စည်းဝိုင်းတစ်ခု ဝိုင်းလိုက်ရင် အရာ အားလုံးဟာ စည်းဝိုင်းထဲကို ရောက်သွားတာ မဟုတ်ဘူး ဆိုတဲ့ အသိနဲ့ ဆင်ခြင်လိုက်ပါ။ ဘောင် limited တွေ နဲ့ချည်း ဖြစ်နေပေမယ့် ဘောင် limited နဲ့ ကင်းတဲ့ အရာ ရှိနေတယ်ဆိုတာ မြင်သာပါလိမ့်ပါမယ်။

(၃) အလ္လာဟ်မှာ ကိုယ်ပွားမရှိ (မွေးဘွားပေးထားသူ မရှိ) ကိုယ်ပွားမဟုတ် (မွေးဘွားခံမဟုတ်) ဒီစကားလုံးက ရှေးအယူတွေကို ရိုးရိုးရှင်းရှင်း ခုခံလိုက်တဲ့ စကားလုံးဖြစ်တယ်။ အလ္လာဟ် ဆိုတာ လူ ပုံစံမဟုတ်၊ လူပုံစံ ရုပ်၊ စိတ်၊ ခံစားမှု၊ မျိုးပွားမှုများမှ ကင်းတယ်လို့ တည့်တည့်ပြောလိုက်တာပါ။

(၄) အလ္လာဟ်နဲ့ ဂုဏ်ရည်တူ ဘာမှ မရှိ။ အထက်က limited နဲ့ unlimited သဘောတရားကို ပြန်ကြည့်ပါ။ဒါပေမယ့် ခက်နေတာက- လူသားတွေမှာ ခံစားမှုကို မရပ်နိုင်တာပါ။ ဆိုလိုတာက- ရေနက်ထဲမှာ မျိုးစဉ်မျိုးဆက် ရှင်သန်လာတဲ့ သတ္တဝါလေးတွေက ရေရှိမှ သက်ရှိ ရှိနိုင်မယ်လို့ ခံစားချက်မျိုး ဖြစ်နေတယ်။ အလားတူပဲ ရေမရှိတဲ့ ကုန်းပြင်မှာ မျိုးစဉ်မျိုးဆက် ရှင်သန်ပေါက်ပွားလာတဲ့ သတ္တဝါလေးတွေကလည်း ရေကင်းမဲ့တဲ့ ကုန်းပြင်ရှိမှ သက်ရှိများ ရှင်သန်နိုင်မယ်လို့ ခံစားချက်မျိုး စွဲကပ်နေတယ်လေ။ အလားတူပဲ limited ထဲမှာ တည်နေတဲ့ လူသား တွေက limited ထဲရဲ့ ဘောင်တွင်းမှာပဲ အရာအားလုံးက ဖြစ်တည်နေတယ်။ သူတို့ နားလည်ထားတဲ့ တန်ခိုးရှင်တို့ ဖန်ဆင်းရှင်တို့ အားလုံးမှာလည်း သူ့ limited နဲ့သူလို့ နားလည်ခံစားထားကြတယ်။

ဒါကြောင့် ဖန်ဆင်းရှင်ကို limited ထဲက အတိုင်း တွေးတောကြံဆပြီး ပြဇာတ် ဆရာလိုမျိုး လောကပြဇာတ်ကို ရေးသားခြယ်မှုန်းလျှက် ဇာတ်လိုက် (တမန်တော်များ)ကို ခန့်အပ်လိုက်၊ လူဆိုး၊ သခိုး၊ ဓားပြ (ရှိုင်တွာန်- အီဗလစ်)များကို ခန့်အပ်လိုက်၊ နတ်ဒေဝတာ ကောင်းကင်တမန်များကို စေစားပြီး ဇာတ်လိုက် တမန်တော် များကို ကူညီလိုက်နဲ့ လူတွေကို ပွဲခံနေတယ် လို့ မြင်ယောင်လာတော့တာပဲ။

ဒီတော့ ကုရ်အံကပြောတဲ့ **ခလက** ဖြစ်တည်စေခြင်း၊ **အာ့ရ်ရ်** ထပ်ဆင့်ကွပ်ကဲမှု ဥပဒေ၊ **ရစူလ်** ဉာဏ်စဉ်ဆောင်၊ **အသာ့ဘ်** ဝဋ်ကြွေး၊ **အင်စန်း** လူသား ဆိုတာတွေကို နားလည်ဘို့ လိုလာပါတယ်။
တစ်ခုချင်း ဆက်ရေးပါမယ်။
(ညီလေးရေ- မမေ့အောင်လို့ပါ။ အပေါ်မှာ ကျွန်တော်က အဘူဟိုဒါယေဒါက "ဝဟီ"ဆိုတာ စစ်စစ်မှန်မှန် နားမလည်ခဲ့ဘူးလို့ ထောက်ပြထားတယ်။ လူအများကြည်ညိုလေးစားတဲ့ ဆွာဟာဗာ တစ်ပါးကို ဝေဖန်သလို ဖြစ်နေတယ်။ အနည်းငယ် ရှင်းဘို့ လိုလိမ့်မယ်။ အဘူဟိုဒါယေဒါဟာ ကိုယ်တော်မုဟမ္မဒ် "ဝဟီ"ရပြီး သာသနာပြုတော့ မက္ကာဟ် ၁၀ နှစ် ကိုယ်တော်ကို ဆန့်ကျင်ခဲ့တယ်။ မဒီနာ ၁၀ နှစ်လည်း ကိုယ်တော်ကို ဆန့်ကျင်ခဲ့တယ်။ မဒီနာ သုံးနှစ် (ကိုယ်တော်ရဲ့ သာသနာပြု ၂၃ နှစ်မှာ ကျန်သုံးနှစ်) ကိုယ်တော်က လူ့လောကအရ သမ္မတကြီး ဖြစ်နေပြီ- ဩဇာတက္ကိမကြီးထွားနေပြီ- အဲ့တော့မှ ကိုယ်တော်ဆီမှာ တပည့်ခံပါတယ်လို့ ဆည်းကပ်ခဲ့တယ်။ သူနဲ့ အလ္လာဟ်နဲ့ ရှင်းရမယ့် ကိစ္စကို ကျွန်တော်မသိပါ။ သို့သော် ရုပ်လောကအရ တည့်တည့်ဝေဖန်ရရင်- လူတစ်ဦး ဒုက္ခရောက်နေစဉ်၊ တော်လှန်ရေးလုပ်နေစဉ်က အင်အားသာတဲ့ဘက်မှာ ရပ်တည်နေခဲ့ပြီး- လူတစ်ဦး ကောင်းစားချိန်မှာ ဝင်ရောက်တပည့်ခံခဲ့တာပါ။ တကယ်လို့ သူသာ "ဝဟီ" ဆိုတာကို နားလည်ခဲ့ရင် ဟိုးအစကတည်းက သေချင်သေ၊ ရှင်ချင်ရှင် အလ္လာဟ့်အတွက် ဆိုတဲ့စိတ်နဲ့ ကိုယ့်တော်ဆီမှာ တပည့်ခံခဲ့ သစ္စာခံခဲ့မှာပေါ့။ (ကိုယ်တော်ဆီမှာ သူ သစ္စာခံခဲ့တာ သုံးနှစ်ပဲ ရှိတဲ့အကြောင်း ပေကာယာတု ဆွာဟာဗာ အခု မြန်မာပြည်မှာ သသဗလီဂ်ဂျမအတ်ရဲ့ လက်စွဲစာအုပ်မှာ ပါတယ်။ ရှာရလွယ်အောင်သူ့နာမည်နဲ့ မာတိကာ မှာ ရှာကြည့်ပါ။ ကျွန်တော့လက်ထဲမှာတော့ အဲ့ဒီ စာအုပ် မရှိတော့ဘူးဗျာ။)

## <u>ဖန်ဆင်းမှု</u>

ဖန်ဆင်းတယ် ဆိုတာက ပုံပြောင်းတာ မဟုတ်ပါ။ ဥပမာ နတ်မင်းကြီးက လူသားကဲ့သို့ ဖန်ဆင်း၍ လောကသို့ ဆင်းလာသည် ဆိုတဲ့ နတ်က လူပုံစံ **ဖန်ဆင်းခြင်း** မဟုတ်ပါ။ နောက်တစ်ခုက ပြုလုပ်တာလည်း မဟုတ်ပါ။ ဥပမာ- ဤကားကို ဂျပန်နိုင်ငံမှ ပြုလုပ်သည် ဆိုတဲ့ပုံစံမျိုး **ပြုလုပ်တာ**လည်း မဟုတ်ပါ။ လူသား ဖြစ်လာဘို့ လူသားရဲ့ မိဘက ပြုလုပ်ခြင်း ဖြစ်တယ်။ နွားဖြစ်လာဘို့ နွားရဲ့ မိဘက ပြုလုပ်ခြင်း ဖြစ်တယ်။ ကုရ်အံမှာ ပြောတဲ့ **ခလက** ဆိုတာက **ဖြစ်တည်စေခြင်း** သာ ဖြစ်ပါတယ်။ **ဖြစ်တည်စေမယ့်** နိယာမကို ဖြစ်တည်စေခြင်း ဖြစ်တယ်။ အလ္လာဟ်က အလ္လာဟ့်ရဲ့ ဆွေဖာတ်တော်လို့ ခေါ်တဲ့ ဖြန့်ကျက်စွမ်းအင်များ အတွက် ပြဋ္ဌာန်းထားတဲ့ နိယာမ များသာ ဖြစ်ပါတယ်။
ဥပမာ- နေကိုကြည့်ပါ။ နေဟာ သူ့ဟာသူ လောင်ကျွမ်းနိုင်ခြင်း နိယာမထဲမှာ သူ့ဟာသူ လောင်ကျွမ်းပြီး အပူနဲ့ အလင်းကို ဖြစ်တည်စေတယ်။ အဲ့ဒီ အပူနဲ့ အလင်းက လေထုကို ထိတော့ အလင်းယိုင်သွားတယ်။ အလင်းနဲ့ အပူနဲ့ လေ ရောပြီး နောက်ထပ်ဓါတ်တစ်ခုကို ဖြစ်တည်စေပြန်တယ်။ အဲ့ဒီ သုံးခုရောရာက ဖြစ်တည်လာတဲ့ ဓါတ်က ရေနဲ့ ထိပြန်တော့ နောက်ထပ်ဓါတ်တစ်မျိုးကို ဖြစ်တည်စေပြန်တယ်။ အဲ့ဒီ လေးခုရောရာက ဖြစ်တည်လာတဲ့ ဓါတ်က မြေနဲ့ထိပြန်တော့ နောက်ထပ်ဓါတ်တစ်ခုကို ဖြစ်တည်စေပြန်တယ်။ မရေမတွက်နိုင် ဆက်လက်ဖြစ်တည်နေပြန်တယ်--၊

အဲ့ဒီ ဥပမာ အတိုင်းပဲ အလ္လာဟ် မိမိဟာ မိမိ ဆွေဖတ်သ်တော် ကွန့်မြူးနေတယ်။ အဲ့ဒီ ကွန့်မြူးနေတဲ့ ဆွေဖတ်တော် (ဖြန့်ကျက်စွမ်းအားများ)က တစ်ခုနဲ့တစ်ခု ပေါင်းစပ်ပြီး နေဖြစ်တယ်၊ လေဖြစ်တယ်။ မြေဖြစ်တယ်။ ရေ ဖြစ်တယ်။ ခံစားမှုဖြစ်တယ်။ ရုပ်ဖြစ်တယ်။ နာမ်ဖြစ်တယ်။ ဉာဏ်ဖြစ်တယ်၊ စကြာဝဠာဖြစ်တယ်။ သတ္တဝါဖြစ် တယ်။ လူဖြစ်တယ်။ ဒါတွေအားလုံးက ကွန့်မြူးပြန့်ထွက်သွားနေတဲ့ ဆွေဖာ့သ်တော်တွေချင်း ပေါင်းစပ်ပြီး ဖြစ်တည်လာကြတယ်။ နေမှာ- သူက စတင်ဖြစ်တည်လာခဲ့တာများကို ဘယ်ပုံဖြစ်စေရမယ် ဆိုတဲ့ နိယာမ law မချမှတ်နိုင်ဘူး။ နေကိုယ်တိုင်က အလ္လာဟ်ရဲ့ ဆွေဖတ်တော်ချင်း ပေါင်းစပ်ရာက ဖြစ်လာရလို့ပါ။ အလ္လာဟ်ကတော့ မိမိရဲ့ ဆွေဖတ်တော်ချင်း ဘာနဲ့ဘာ ပေါင်းရင် ဘာဖြစ်လာစေမယ် ဆိုတာ law ကို ပြဋ္ဌာန်းပြီး ဖြစ်နေပါတယ်။ ဒါကို **အာ့ရ်ရ်ျ** လို့ခေါ်တယ်။ ထပ်ဆင့် ထပ်ဆင့် ကွပ်ကဲမှုလို့ ခေါ်ပါတယ်။ (ဆရာတော်ကြီးများကတော့ ပလ္လင် လို့ ဘာသာပြန်ပါတယ်။ ကျွန်တော့ ဘာသာပြန် ၁၀း၃ အောက်ခြေမှာ ကြည့်ပါ။) ဒါကြောင့် ဖြစ်တည်လာခဲ့သမျှ သော အရာတိုင်း (အနုမြူလို အမှုံလေးကအစ) အားလုံးမှာ အလ္လာဟ်ရဲ့ ဆွေဖာ့သ်တော် ဓါတ် တစ်ခုမှ မကင်း ပါ။ ဒါတွေက အလ္လာဟ် မဟုတ်ဘူးနော်။ အလ္လာဟ်ရဲ့ ဖြန့်ကျက်စွမ်းအားဓါတ်တော်များသာ ဖြစ်တယ်နော်။ ဥပမာ- အလင်းဟာ နေ မဟုတ်သလိုပါ။
ဒီမှာ နှစ်ခုတွဲနေတယ်။ ဘာနဲ့ဘာ ပေါင်းစပ်လိုက်ရင် ဘာဖြစ်လာစေရမယ့် ဆိုတဲ့ ရုပ်သဏ္ဍာန်ကို ဖြစ်တည်လာ စေမယ့် law နဲ့ အဲ့ဒီပေါင်းစပ်ခြင်း အလ္လာဟ် ဆွေဖတ်သ်တော် နှစ်ခုတွဲနေတယ်။ law ထဲမှာ ရှိတဲ့ အရာတိုင်းက limited ထဲမှာ ဘောင်လေး၊ ဘောင်လေးတွေနဲ့ တည်ရှိနေစေပေမယ့် အလ္လာဟ်ရဲ့ ဆွေဖာ့သ်တော်တွေက unlimited ဖြစ်နေတယ်။ (ဥပမာ- လိမ္မော်သီး တစ်လုံးထဲမှာ လိမ္မော်ဆံ အမွှာလေးတစ်ခုချင်းစီ သီးသန့်အကန့် လေးတွေနဲ့ ရှိနေသလိုပါ။) အဲ့ဒီ တစ်ခုချင်းစီကို အလ္လာဟ်ရဲ့ ကရုဏာ ရဟာမတ်ဆိုတဲ့ ဆွေဖာ့သ်တော်ကပြုံ ထားပေးတယ်။ limited မှ ကင်းတဲ့ နေရာကို ဆလာမတ် (ငြိမ်းချမ်းမှုအတိ) ဆိုတဲ့ ဆွေဖတ်သ်တော်နဲ့ ရံထား တယ်။ ဥပမာ- ဘယ်သတ္တဝါရဲ့ အသားတစ်တုံးကို မဆို ယူပြီး ချက်ကြည့်လိုက်ပါ။ အသားတွေမှာ အမျှင်လေး တွေနဲ့ ဖွဲ့စည်းထားတယ်။ အဲ့ဒီ အသားမျှင်တွေ၊ ထိန်းချုပ်ထားတဲ့ အကာလေးတွေကို အလ္လာဟ့်ကရုဏာက မကာကွယ်ထားရင် အသားတွေပေါက်ထွက်ကုန်လိမ့်မယ်။ နောက်တစ်ခုက လူဆိုတဲ့ limited ထဲက သဏ္ဍာန် တစ်ခုခုကို မီးလောင်ကြည့်လိုက်ပါ။ ပူတယ်ဆိုတာကို ခံစားရလိမ့်မယ်။ ဒါပေမယ့် အဲ့ဒီ limited ရဲ့ အပြင်ဘက် က ဘာမဖြစ်ဘူး ဆိုတာကိုလူတွေက သတိမထားမိကြဘူး ဖြစ်နေတယ်။ အလားတူပဲ နာမ်၊ စိတ်၊ ဉာဏ် အားလုံးက limited ထဲမှာ ရှိတယ်။ အဲ့ဒီ limited ရဲ့ အတွင်းမှာသာ ဒုက္ခတို့ သုခတို့ ခံစားမှု ဖြစ်နေတာပါ။ အဲ့ဒီ limited ရဲ့ အပြင်မှာ ပကတိတည်ငြိမ်ပြီး လွတ်မြောက်နေတယ်။ အဲ့ဒါကို ဆလာမတ်လို့ ခေါ်ပါတယ်။

## လူဆိုတာ ဘာလဲ

လူဆိုတာ ဘာလဲဒါကို နားလည်ဘို့ အရေးကြီးလာပြီ။ ဒီထက်ပိုပြီး နက်နက်နဲနဲ ပြောရင် ကုရ်အံက ပြောတဲ့ အင်စန်း လူ ဆိုတာ ဘာလဲ ဆိုတာကို သိဘို့ လိုပါတယ်။ အဲ့ဒီ အင်စန်း လူကို သိမှ အပြစ်ခံရမယ်၊ မခံရဘူး ဆိုတာ ကွဲလာပါမယ်။ ကျမ်းတော်မှာ သတ္တဝါတိုင်း အပြစ်ခံရစေမယ်လို့ လုံး၀ ပြောမထားဘူးနော်။ ကျမ်းတော်အရ သက်မဲ့ ဆိုတာ ဘာမှမရှိဘူး။ (ကျွန်တော်တို့က လောကအသုံးအရပဲ သက်ရှိ သက်မဲ့လို့ ဘာသာပြန်နေကြရတာပါ။) ကျမ်းတော်အရ

ကမ္ဘာမြေမှာလည်း အသက်ရှိတယ်၊ စကြာဝဠာမှာလည်း အသက် ရှိတယ်။ အသက် limited ဘောင်တွင်းက မလွတ်မြောက်သေးတဲ့ လူတွေက အဲ့ဒီထိ နားလည်နိုင်မှာ မဟုတ်ပါ။ ဒါကြောင့် ရှင်းရတာတော့ အတော့်ကို ခက်ခဲပါတယ်။

သတ္တဝါတိုင်း၊ သက်ရှိတိုင်းက အပြစ်ခံရခြင်းမှ ကင်းတယ်။ ဒီတော့ "လူ" ဆိုတဲ့ သတ္တဝါဟာ ခန္ဓာကိုယ်ထည် အရ အပြစ်ခံရခြင်းမှ ကင်းလွတ်ပါတယ်။ အခု လူတွေ ပြောဆိုခံစား သလို ဒုက္ခ ဆိုတာက နာကျင်မှုဝေဒနာ လား၊ သို့မဟုတ် စိတ်ဝေဒနာလား ဆိုတာကို ပြန်လည်ဆန်းစစ်ဘို့ လိုပါတယ်။ နာကျင်မှု ဝေဒနာ ဆိုတာက သတ္တဝါတိုင်းမှာ ရှိတယ်။ ဒါက သူ့ခန္ဓာကိုယ်ကို ကာကွယ်စေဘို့ ဖြစ်တည်စေထားတဲ့ အလ္လာဟ်ရဲ့ ကရုဏာ law တစ်ခုပါ။ တစ်ကယ်လို့ နာကျင်စေမှု ဝေဒနာ ကို မပြဌာန်းထားဘူး ဆိုရင် လူတွေမှာ ခန္ဓာကိုယ်တောင် ကျန်တော့မှာ မဟုတ်ဘူး၊ (ခလုတ်တိုက်လို့ အသားပဲ့သွားရင်လည်း နာမှမနာတာ၊ ဒီတော့ သူက ခလုတ်တိုက်တာ ကို ရှောင်တော့မှာ မဟုတ်သလို၊ ဓါးလှီးမိမှာ၊ သေနတ်ထိတာ ဘာကိုမှ ရှောင်တော့မှာ မဟုတ်ဘူး၊ ဒီလိုဆို သတ္တဝါတွေမှာ ခန္ဓာကိုယ်ကို ကာကွယ်ဘို့ အသိ ဆိုတာလည်း ဖြစ်လာမှာ မဟုတ်ဘူး၊ ခန္ဓာကိုယ်လည်း ကျန် တော့မှာ မဟုတ်ဘူးလေ၊) ဒါကြောင့် နာကျင်မှုဝေဒနာ ဆိုတာကိုက ခန္ဓာကိုယ်ကို ကာကွယ်စေဘို့ ကရုဏာ တစ်ခု ဖြစ်ပါတယ်။ ကျမ်းတော်မှာ ပြောထားတာက နာကျင်စေမှု ဝေဒနာ ဆိုတာ အရေပြားမှာသာ ရှိတယ်တဲ့ ဗျာ။ တနည်းအားဖြင့် အပေါ်ယံအကာမှာသာ ရှိတယ်ပေါ့။ အခုတော့ ဆေးပညာကလည်း အဲ့ဒါကို လက်ခံပါပြီ။ အသားကို လှီးလိုက်ရင် အရေပြားကသာ မခံနိုင်အောင် နာကျင်မှု ဖြစ်ပေါ်စေပြီး အရေပြားအောက် ကျော်လွန် တဲ့ အဆီတို့ အသားတို့၊ သွေးတို့က နာကျင်စေမှုကို မဖြစ်စေနိုင်ဘူး။ တကယ်လို့ "လူ"ဟာ လူ မဖြစ်သေးရင် သူဟာ အခြားသတ္တဝါများလိုပဲ ခန္ဓာကိုယ် ကာကွယ်မှု ဝေဒနာကလွဲ ဘာမှ မရှိနိုင်သလို၊ သူ့အတွက် ငရဲတို့ နိဗ္ဗာန်တို့လည်း မရှိဘူး။ (ငရဲ၊ နိဗ္ဗာန် ဆိုတာက အသိ ခံစားချက်မှ ဖြစ်ပေါ်ခြင်း ဖြစ်တယ်။) တကယ်လို့ "လူ"မှာ အသိခံစားချက် မရှိရင် သူ့အတွက် နိဗ္ဗာန်၊ ငရဲ မရှိပါ။ ဥပမာ စိတ် ဝေဒနာရှင်များ၊ ကျပ်မပြည့်သူများ၊ တောတွင်းနေ မဖွံ့ဖြိုးသေးသူများ သူတို့အားလုံးအတွက် ငရဲမရှိသလို၊ နိဗ္ဗာန်လည်းမရှိသေးပါ။

နောက်တစ်ခုက သတ္တဝါတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေ ရှိတယ်။ ဒါတွေဟာ အလ္လာဟ့်ဆွေဖဲ့သ် တော်တွေထဲက အချင်းချင်း ပေါင်းစပ်မှုကြောင့် ဖြစ်လာတဲ့ သဘောတရားတွေပါ။ ဒါတွေကြောင့်လည်း သူတို့ ကို ငရဲကို ရောက်စေမယ်လို့ ပြောမထားဘူး။ ဥပမာ-ဒေါသကြီးပြီး ကိုက်တတ်တဲ့ ခွေးဖြစ်စေ၊ စိတ်ကောင်းပြီး အမြီးလှုပ်နေတဲ့ ခွေးဖြစ်စေ သူတို့အတွက် နိဗ္ဗာန် ငရဲ မရှိဘူး။ အလားတူပဲ- အင်စန်း မဖြစ်သေးတဲ့ "လူ" အဆင့်မှာလည်း လောဘ၊ ဒေါသ၊ မောဟကြောင့် နိဗ္ဗာန် ငရဲ ဆိုတာ မရှိဘူး။ အတူတူပါပဲ။ ဆိုလိုတာက ရုပ်ကြောင့်ဖြစ်စေ၊ စိတ်ကြောင့်ဖြစ်စေ နိဗ္ဗာန်တို့ ငရဲတို့ဆိုတာ ဖြစ်မလာဘူး ဆိုတာပါ။

**ဒါဆို နိဗ္ဗာန် တို့ ငရဲတို့ ဆိုတာက ဘာကြောင့် ဖြစ်လာသလဲ။ ဘာတွေလဲ- ဆိုတာကို သိဘို့ လိုလာပြန်တယ်။ နို့မဟုတ်ရင် အလ္လာဟ်က တရားခံဖြစ်နေဦးမယ်။**

ခရစ်ယာန် အရောင်ကိုခွာပြီး ကျမ်းမြတ်ကုရ်အံကို ကိုယ်ပိုင် အသိသန့်သန့် ပြန်ဖတ်ပါ။ အခု ကျွန်တော် ပြောတာတွေကို တွေ့လာပါလိမ့်မယ်။

ကျမ်းမြတ်ကုရ်အံမှာ-

အုပ်ချုပ်ရေး ယန္တရားကို ထူထောင်သူများနဲ့ အဲ့ဒီ ယန္တရားထဲမှာ ပါဝင်ပတ်သက်နေသူများ အခြားလူသား အတွက် ဝန်ထမ်းလိုသူများ အတွက်သာ ငရဲ၊ နိဗ္ဗာန်ဆိုတဲ့ စည်းမျဉ်းကို ပြဌာန်းပေးထားတယ်လို့ ဆိုတယ်။

(၁) အင်စန်း "လူ"အဆင့်ကို မရောက်မီ လူသတ္တဝါတွေဟာ ရှိနေပြီးသား ဖြစ်တယ်(၇၆း၁)။ ဒါကို "အင်စန်း" အဆင့် ရောက်လာတဲ့ လူသားတွေက ပြန်ပြောင်း မှတ်တမ်းတင်နိုင်အား သမိုင်း မမှီနိုင်ဘူးလို့ ဆိုတယ်။
(၂) အင်စန်း "လူ"ရယ် လို့ မှတ်တမ်း စတင်တာကို လူ့ယဉ်ကျေးမှုခေတ်၊ အုပ်ချုပ်မှု မြို့ပြထူထောင်တဲ့ကာလက စတင်တယ်။ ဒါကို အာဒံနဲ့ ဥပမာပေးထားတယ်(၂း၃၀)။ ဒီနေရာမှာ အုပ်ချုပ်သူ "သမ္မတ" ဆိုတဲ့ စကားလုံးက အခိုင်အမာ ထောက်ပြထားတယ်။ သမ္မာကျမ်းက ဆိုသလို အာဒံနဲ့ဧဝ က စတင်ပြီး လူသားတွေ ဖြစ်လာတယ်လို့ ကျမ်းမြတ်ကုရ်အံမှာ လုံး၀ (လုံး၀) မပြောပါ။ ဧဝ ဆိုတဲ့ အမည်နာမလည်း ကျမ်းတော်မှာ လုံး၀ မပါပါ။ ပြီးတော့ သူတို့ လင်မယားနှစ်ဦးသာ စတည်ရှိခဲ့ရင် လင်မယားနှစ်ဦးရဲ့ လူမှုအဖွဲ့အစည်းမှာ သမ္မတ ခန့်အပ်စရာလည်း အကြောင်းမရှိပါ။ အများဆုံး "အိမ်ထောင်ဦးစီး" လောက်ပဲ ခန့်အပ်ရမှာ ဖြစ်တယ်၊(၄း၃၄) ကို ကြည့်ပါ။ (အာဒံ သမ္မတ မဖြစ်မီအထိ ငရဲ ဆိုတာ မရှိသေးဘူးဗျာ၊ ရှင်းနေတယ်)။
(၃) "သမ္မတ" ခေါ် "အုပ်ချုပ်ထိန်းကျောင်းနိုင်သူ" အဆင့်ရှိတဲ့ လူသားများကိုမှ ကျမ်းတော်က "လူသား"ရယ် လို့ အသိအမှတ် စတင်ပြုပေးပါတယ်။ (၆း၁၆၅)
(၄) လူသား ဆိုတာကို "စံ"ထား သတ်မှတ်ကြောင်း ဆူရာဟ် (၉၅) မှာ အတိအကျ ပြောဆိုထားပြီး အကောင်းဆုံးပုံစံနဲ့ ဖြစ်တည်လာတော့မှ အင်စန်း လူသားဖြစ်တယ်လို့ (၉၅း၄) မှာ ပြောထားပါတယ်။
အဲ့ဒီအဆင့်ကို ရောက်လာတော့မှ သူ့မှာ သူ့အဆင့်ကို မထိန်းထားနိုင်ဘဲ- အဆင့်လျှော့ချလာရင် သူဟာ နိမ့်ကျတဲ့ ဘ၀(ဒုက္ခ)ကိုစတင်ခံစားရပါတယ်(၉၅း၅)။ ဒီ ဥပမာကို အာဒံ ရဲ့  ဥပမာနဲ့လည်း ကျမ်းတော်ရဲ့ (၂း၃၆) မှာ ပြဆိုထားပါတယ်။
ဒါဆို ဒီလူသား အဆင့်မှာကေ- အလ္လာဟ်အရှင်က ဘာဖြစ်လို့ ငရဲ နဲ့ နိဗ္ဗာန်ဆိုတာကို ပြဌာန်းထားတာလဲ ဆိုတာက မေးခွန်းတစ်ခု ဖြစ်လာမှာပါ။
အထက်မှာ ရှင်းပြခဲ့သလို၊ ရုပ်ကြောင့် ငရဲ၊ နိဗ္ဗာန်မရှိဘူး၊ လောဘ ဒေါသ မောဟ ကြောင့် ငရဲနိဗ္ဗာန်မရှိဘူး၊ စိတ်ကြောင့် ငရဲ နိဗ္ဗာန်မရှိဘူး၊ နိဗ္ဗာန်နဲ့ ငရဲ ဆိုတာက ရူးဟ် ဆိုတဲ့ ထူးခြားတဲ့ ဉာဏ်ဇ တစ်မျိုးကို အကြောင်း ခံတယ်လို့ ဆိုရပါမယ်။
"လူ" ဆိုတဲ့ သတ္တဝါ "အင်စန်" လူပုံ ပေါ်လာပြီ ဆိုတာနဲ့ ရူးဟ် ဆိုတဲ့ ဆင်ခြင်ဉာဏ်ဇ ကိန်းဝပ်ခြင်းကို ခံရပါတယ်(၃၂း၉)။ ဒီရူးဟ်မှာလည်း limited ရှိပါတယ်(၁၇း၈၅)။ သို့သော် ဒီရူးဟ် (ဉာဏ်ဇ)ကို ဖွံ့ဖြိုးအောင် လုပ်ခွင့်ရှိတယ်။ ဆရာတော်ကြီးတွေက ရူးဟ် ဆိုတာကို အသက်ဝိညာဉ်ရယ်လို့ မှားယွင်းစွာ ဘာသာပြန်ထားကြတယ်။ တစ်ကယ်တော့ ရူးဟ် ဆိုတာက အသက်ရှင်စေမယ့် ဝိညာဉ်မဟုတ်ပေဘူး။ လူမှအပ အခြားသတ္တဝါ တွေမှာလည်း အသက်ရှိတာပဲ၊ သို့သော် လူမှအပ အခြား သတ္တဝါတွေမှာ ရူးဟ် မပါဝင်ဘူး။ လူမှာတောင် အင်စန်း အဆင့်ကို ရောက်လာမှ ရူးဟ်က ကိန်းဝပ်လာတာပါ(၃၂း၉)။ ရူးဟ် မရှိသူကို လူ လို့မခေါ်သေးဘူးဗျာ။ (၇း၁၇၉) ကိုကြည့်ပါ။
ရူးဟ်ကို ပေးရတဲ့ အကြောင်းရင်းက လောကအပေါင်းကို ထိန်းသိမ်းစောင့်ရှောက် အုပ်ချုပ်နိုင်စေခြင်းဌာ ဖြစ်တယ်။ လောကအပေါင်းကို ထိန်းသိမ်းစောင့်ရှောက် အုပ်ချုပ်ဘို့ရာ လောကအပေါင်းထက် အသိရှိနေဘို့လို ပြန်တယ်။ အဲ့ဒီလို သိနိုင်အား ဆင်ခြင်နိုင်အားကို ရရှိပိုင်ဆိုင်တော့ အခြားသတ္တဝါများ မမြင်သိနိုင်တဲ့ နဂိုက ပြဌာန်းပြီးသား လောကနိယာမ law တွေကို အင်စန်း "လူ"က သိနိုင်တယ်။ သိနိုင်မှ ထိန်းကျောင်းအုပ်ချုပ်လို့ ရပါမယ်။ဒီတော့ အင်စန်း "လူ"သားက အလ္လာဟ့်ပြဌာန်းမှု နှစ်ခုကို ပိုင်ဆိုင်ခွင့်ရသွားတယ်။ (၁) သတ္တဝါတိုင်းကို limited

ပေးထားတဲ့ ဘောင်တွင်းက စည်းမျဉ်းများကို လူသည်လည်း သတ္တဝါဖြစ်တော့ ပိုင်ဆိုင်ခွင့်ရထားတယ်။ အလ္လာဟ်က ဖြစ်တည်စေခြင်း ဆိုင်ရာနိယာမများကို ဟိုတစ်မျိုး ဒီတစ်မျိုး မလုပ်ဘူးလို့ မိမိကိုယ်မိမိ ပြဌာန်းထားတော့ (၃၀း၃၀)၊ သတ္တဝါဖြစ်တဲ့ လူကိုလည်း သူ့ကို ရူးဟ် ပေးလိုက်တော့မှ သူ့ကို သတ္တဝါအဆင့်က ပါယ်ဖျက်ကာ သတ္တဝါတွေမှာ ရှိနေတဲ့ နဂိုရှိရင်းစွဲ ပြဌာန်းထားပြီး law များမှ ဖျက်ပစ်ခြင်း မရှိဘူး။ သူ့နဂိုက သူ့ နဂိုဖြစ်တယ်။ သူ့နဂိုဟာ အခြား သတ္တဝါများလို ဖြစ်လို့ မကောင်းမှု ကောင်းမှုမရှိ၊ မသိ၊ သူ့ကိုပြဌာန်းထားတဲ့ နိယာမအတိုင်း စား၊ သောက်၊ မေထံမှီဝဲ- ဆိုတဲ့ အထဲမှာပဲ ရှိတယ်။ မကောင်းမှု ဆိုတာက နဂိုရှိရင်းစွဲ သတ္တဝါ ရဲ့ အရည်အချင်းများဖြစ်တဲ့ စိတ်၊ လောဘ၊ ဒေါသ၊ မောဟ တွေကို ဉာဏ်က ဦးစီးတော့မှ ဖြစ်လာတာပါ။ (၂) အင်စန်း "လူ"အဆင့်မှာ လူဟာ ရူးဟ် ဉာဏ်ဇကို ချီးမြှင့်ခံရတယ်။ အဲ့ဒီ ဉာဏ်ကိုပေးတာက လောကကို အုပ်ချုပ်ထိန်းကျောင်းဘို့ အတွက်ဖြစ်ပြီး မူလ သတ္တဝါအလျှောက် ပိုင်ဆိုင်ပြီးသား စိတ်၊ လောဘ၊ ဒေါသ၊ မောဟ တွေကို ပံ့ပိုးပေးဘို့ မဟုတ်စေဘို့ လမ်းညွှန်ကိုပါ တစ်ပါတည်း ပေးပါတယ်။

ဒီနေရာမှာ အလ္လာဟ်က တရားဝင်ပြောထားတာ ရှိတယ်။ လူဟာ ဉာဏ်ကို မသုံးလိုဘူး၊ တိရစ္ဆာန်များကဲ့သို့ နေရင်လည်းရတယ်။ သို့မဟုတ် ဉာဏ်ကို သုံးမယ်ဆိုရင် လမ်းညွှန်အတိုင်း သုံးရမယ်လို့ ပြောထားပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဉာဏ်ရဲ့ သဘောက စိတ်နဲ့ အာရုံကို ရှေ့ ကိုတွန်းပို့ပေးတဲ့ သဘောရှိတယ်။ ဒီအခါမှာ လူဟာ မိမိ မသိဘဲလျှက် ကြိုတင်ရောက်နေတဲ့ စိတ်နဲ့ အာရုံကို အလိုလိုက်ပြီး မိမိရဲ့ သတ္တဝါဗီဇ ရှိရင်းစွဲ လောဘ၊ ဒေါသ၊ မောဟ တွေကို ပုံကြီးချဲ့ပစ်နိုင်တယ်။ အဲ့ဒီ ပုံကြီးချဲ့ စိတ်ကူးမှုကို လူက ပြန်သုံးတယ်၊ ပြန်သုံးမိ တဲ့အခါမှာ မိမိရဲ့ သတ္တဝါဗီဇ နဂိုရှိရင်းစွဲ ခံနိုင်ရည်နဲ့ မဆန့်ဖြစ်တယ်။ မဆန့်ဖြစ်တော့ ဝန်လေးတယ်၊ ဝန်လေးတော့ ဒုက္ခဖြစ်တယ်။ ဒီလို ဖြစ်လာတဲ့ ဒုက္ခကို အလ္လာဟ့် ကြောင့်လို့ထိုးချတယ်။

တကယ်တော့ အဲ့ဒီ ဒုက္ခကလည်း အလ္လာဟ်ပေးတဲ့ ဒုက္ခ မဟုတ်ဘူး၊ မိမိအတွက် သုံးလိုရင် လမ်းညွှန်အတိုင်း သုံးဘို့ ပေးထားတဲ့ ဉာဏ်ကို လမ်းညွှန်ကို ဂရုမစိုက်ဘဲလျှက် မိမိရဲ့ အလွဲသုံးစားပြုမှုကြောင့်သာ ဖြစ်ပါတယ်။

ဒီမှာ ခံစားရမယ့် ဒုက္ခက ရုပ် ဒုက္ခသာမက၊ ရုပ်က limited ကုန်လို့ ရပ်စဲသွားရင်လည်း သူ့မှာ ဉာဏ်ဝန်ဆောင်မှုအတွက် ဉာဏ်ကို အလွဲသုံးစား ခိုင်းစေခဲ့ရင် ဒုက္ခခံရမယ်။ အဲ့ဒါကို **ငရဲ** လို့ခေါ်ပါတယ်။ ဉာဏ်ရဲ့ဝန်ဆောင်မှု အတွက် ဒုက္ခမခံရရင် အဲ့ဒါ **သုခ**ပါ။ ဒါကြောင့် အဲ့ဒီ ဒုက္ခကို အဆင့်ပြဌာန်းထားပြန်တယ်၊ အုပ်ချုပ်သူများက ဉာဏ်ကို အလွဲသုံးပြီး အုပ်ချုပ်ခံများကို လမ်းကြောင်းလွှဲပေးရင်၊ သူ့မှာ သူ့ရဲ့ ဉာဏ်ကို အလွဲသုံးစားပြုမှုနဲ့ လူသားအပေါင်းကို လှည့်စားခဲ့ခြင်း အတွက် ပြန်လည်ပေးဆပ်ရမှာ ဖြစ်တယ်။ လူထု ဆိုတာက အုပ်ချုပ်သူရဲ့ ဥပဒေများကို လိုက်နာရခြင်းပါ။ အုပ်ချုပ်သူ ဆိုတာမှာ နိုင်ငံရေးအုပ်ချုပ်သူ၊ ဘာသာရေးဦးဆောင်သူ အားလုံး ပါဝင်ပါတယ်။ လူထုထဲမှာ အဲ့ဒီ အုပ်ချုပ်သူကပြုစုတဲ့ ဥပဒေကို မဆင်ခြင်မစဉ်းစားဘဲ မှားမှားမှန်မှန် ထောက်ခံပြီး ကျောထောက်နောက်ခံပြုပြန်ရင် အဲ့ဒီလို ကျောထောက်နောက်ခံ ပြုသူများက မိမိကိုယ်တိုင် အမှားနောက်ကို လိုက်မှုဒုက္ခနဲ့ အမှားကိုထောက်ခံခဲ့မှု ဒုက္ခနှစ်ခုပေါင်း အတွက် ပေးဆပ်ရပါမယ်။ ပေးဆပ်ရမှု အားလုံးက ငရဲများလို့ သတ်မှတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တကယ်တမ်းကျတော့ အဲ့ဒါက ပေးဆပ်နေရပြီး limited ဘောင်ကို မဖေါက်ထွက်နိုင်လို့ပါ။limited မှ ဖေါက်ထွက်ခြင်း (နဗီ ဖြစ်ခြင်း)ကို ဆက်ရေးပါမယ်။

## တမန်တော် ဆိုတာ ဘာလဲ၊ ဘာကြောင့် ပွင့်ပေါ်ရသလဲ

အာရ်ဗီစကားလုံး နဗီ (နဗယ) နဲ့ ရစူလ် (ရီဆာလာ့တ်) နှစ်လုံး ကို မြန်မာစကားလုံး တမန်တော် ဆိုတာနဲ့ ဘာသာပြန်လိုက်တာမှာ ဝေါဟာရ အားနည်းမှု အများကြီး ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ဆရာကြီးတွေခမျာ လည်း သူတို့ခေတ်က အဲ့ဒီဝေါဟာရလောက်ကိုပဲ အတွေးမှီခဲ့တော့ အပြစ်မရှိပါ။ သူတို့ကိုယ်တိုင်လည်း ခရစ်ယာန် သမ္မာကျမ်းလာ Prophet ဆိုတာမှ တစ်ဆင့် ဘာသာပြန်ရတာကိုး။ တမန်တော် ဆိုတဲ့ စကားလုံး စေလွှတ်တယ်၊ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခန့်အပ်တယ် ဆိုတဲ့ အဓိပ္ပါယ်ကို သက်ရောက်စေပါတယ်။ သူတို့တွေးမြင်ယူဆခဲ့တဲ့ အလ္လာဟ်က ခရစ်ယာန်သမ္မာကျမ်းလာ လူ သဏ္ဍာန်မျိုးနဲ့ မကင်းခဲ့တော့ အလ္လာဟ်က ကိုယ်စားလှယ်အဖြစ် စေလွှတ်ခန့်အပ်တယ် ဆိုတဲ့ စကားလုံး "တမန်တော်" ဆိုတာ ဝေါဟာရ အနက် အားနည်းမှု ရှိမရှိ သူတို့ကိုယ်တိုင် ပြန်သုံးသပ်ဘို့ မလိုဘဲ ပြည့်စုံနေခဲ့ပါတယ်။
အာရ်ဗီစကားလုံး နဗယ (နဗီ) ဆိုတာက တစ်ဖြေးဖြေးတိုးရွေ့ကျယ်ပြန့်လာတဲ့သတင်း (သတင်းစကားတစ်ခုဟာ တီးတိုးလေး ငွေ့ငွေ့လေးပြောခဲ့ရာမှာ အဲ့ဒီသတင်းဟာ တစ်ဖြေးတစ်ဖြေးကျယ်လောင်လာခြင်း အဓိပ္ပါယ်ကို) ပေးပါတယ်။ စကား- ပြန့်ကားသွားပုံမျိုးတော့ မဟုတ်ဘူးနော်။ အသံတိုးရာမှ ကျယ်လာတဲ့ သဘောကိုသာပြောတာပါ။ အဲ့ဒီလို သတင်းမျိုးကို ကိန်းဆိုက်သိမြင်ပြီး ပြောဆိုသူကို နဗီ လို့ခေါ်ပါတယ်။ အလားတူပဲ ရီစာလတ် (ရစူလ်) ဆိုတာက စေစားခံရသူ လို့ဖြစ်ပါတယ်။ ကျမ်းတော်မှာ ဝန်တစ်ခုကိုဆောင်ပြီး စေစားခံရတဲ့ သဘောကိုပြောတယ်။ ဥပမာ ရေထုကိုသယ်ဆောင်ထားတဲ့တိမ်များအား စေစားတဲ့အခါမှာ သုံးတာများတယ်။ ဒါကြောင့် သတင်းကိုသိမြင်ရရှိတဲ့ နဗီ ဆိုတာက"သတင်းတော်ဆောင်"ဆိုတဲ့ အဓိပ္ပါယ်ကို ပေးပြီး၊ အဲ့ဒီသတင်းကို ရရှိနိုင်ဘို့ ဝဟီ "အာရုံရျာန်"ကို ဝင်ဆောင်ရတဲ့ ရစူလ် ဆိုတာက "ဉာဏ်စဉ်တော်ဆောင်" လို့ အဓိပ္ပါယ်ကို ပေးပါတယ်။
သူတို့တွေက အခြားလူသားတွေလို "လူသား"ပကတိ ဖြစ်တယ်။ လူထက်ပိုပြီး ဘာမှ ထူးခြားချက် မရှိဘူး။ သူတို့တွေက သူတို့ဟာသူတို့ကျင့်ရာက "လူသား အတွက် သတ်မှတ်ထားတဲ့" limited ကို သိသွားတယ်။ limited ကိုသိသွားတော့ limited ရဲ့အပြင်ဘက်ကို ဖေါက်ထွက်လို့ ရသွားတယ်။ ဥပမာ- ညီလေးအနေနဲ့ မြန်မာနိုင်ငံနယ်စပ်စည်းထိ ရောက်ပြီဆိုပါတော့၊ ဟိုဘက်ကိုခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ထိုင်းနိုင်ငံ၊ သို့မဟုတ် တရုတ်နိုင်ငံ၊ သို့မဟုတ် လောနိုင်ငံ၊ တစ်ခုခုပေါ့ဗျာ ရောက်နိုင်သလိုမျိုးပါ။ ဘော်လုံးကွင်းထဲက လူက ဘော်လုံးကွင်း အပြင်ထွက်တော့ ဘော်လုံးကွင်းထဲက ကစားကွက်အားလုံးကို မြင်နေသလိုမျိုး သူတို့က မြင်သွားတယ်။ မြင်သွားတော့ ဘော်လုံးကွင်းထဲက လူတွေကို အကြံပေးနိုင်တယ်။
အလွယ်ဆုံး ဥပမာ ပေးလိုက်တာနော်၊ နဗီတွေက အလ္လာဟ့်ဆွေဖ့တ်တော်တွေ အတွက် အလ္လာဟ်က ပြဋ္ဌာန်းပေးထားတဲ့ limited နဲ့ law ကို မြင်သွားသူတွေပါ။

### ပွင့်ပေါ်ရာ ရာသီ

သူတို့မှာလည်း ပွင့်ပေါ်ရာ ရာသီ ဆိုတာရှိပါတယ်။ အထူးသဖြင့်တော့ ရှိုင်တွန်တွေ၊ မလာအီကာဟ်တွေ သောင်းကျန်းနေတဲ့ ရာသီလို့ ဆိုရမှာပါ။ (ဒီနေရာမှာလည်း စကားတွေက ညီလေးအတွက် နည်းနည်းထူးဆန်း လာလိမ့်မယ်) ဟိုအပေါ်မှာ အင်စန်း "လူသား" အဆင့်ကို ပြောပြခဲ့တယ်။ အဲ့တော့ အင်စန်း "လူသား" မတိုင်မီ လူအဆင့်ကို ဘယ်လိုခေါ်သလဲပေါ့။ ရှင်းပါတယ်။ ကျမ်းမြတ်ကုရ်အံက သူတို့ကို **ဂျင်** လို့ ခေါ်ပါတယ်။ **ဂျင်** ဆိုတာ

ရှေးဆရာတော်ကြီးတွေပြောသလို မကောင်းဆိုးဝါး၊ နာနာဘာဝတွေ မဟုတ်ဘူးနော်။ ဂျင် တွေဟာ လူတွေသာ ဖြစ်တယ်။ သူတို့ကိုလည်း မြေမှ ဖြစ်တည်စေတာပါပဲ (၃၇း၁၁)။ သူတို့ထဲကလည်း ရစူလ်တွေ ပွင့်ပေါ်တာပဲ(၆း၁၃၀)။ သူတို့လည်း အိမ်ထောင်ပြုသားမွေးတာပဲ(၁၈း၅၀)။ သူတို့ကို ကျမ်းတော်က မီးခိုးမဲ့မီးမှ ဖြစ်တည်စေတယ်လို့ (၁၅း၂၇) မှာပြောတာကို ဆရာတော်ကြီးများက ပုံကြီးချဲ့ပြီး ဂျင် ဆိုတာ လူမဟုတ်ဘူး ဘာညာ လျှောက်ပြောနေကြတာပါ။ အဲ့ဒီ ဆရာတော်ကြီးတွေက သမ္မာကျမ်းစာ အယူနဲ့ မှားပြီး ကျမ်းမြတ် ကုရ်အံကို အစအဆုံး အဓိပ္ပါယ်ဆက်စပ် ဘယ်တော့မှ မဖတ်ဘူး၊ ဘာသာပြန်ရင်လည်း ဆရာစဉ်ဘာသာပြန်များကို ထပ်ဆင့်ဘာသာပြန်လျှက် ပြီးစလွယ် ဘာသာပြန်ခဲ့တာချည်းပါပဲ၊ (အများစုကို ပြောတာပါ)။ တစ်ကယ်တော့ (၁၅း၂၇) ကို ဖတ်ရင် (၁၅း၂၆) ရော (၁၅း၂၈) ရောကိုဖတ်ပြီး ဆင်ခြင်သင့်တယ်။ (၁၅း၂၆) နဲ့ (၁၅း၂၈) မှာ အင်စန် ကို အိုးခတ်ရွှံ့သက်စေ့မြေမှ ဖြစ်တည်စေတယ်လို့ ပြောထားတယ်။ ကျမ်းတော်ရဲ့ နေရာတိုင်းမှာ လူသား ကို အခြေခံမြေ (ပထဝီဓါတ်) "တိုရာဘင်" မှ ဖြစ်တည်စေတယ်လို့ ပြောပြီး၊ (၁၅း၂၆၊၂၈) မှာမှ အိုးခတ်ရွှံ့သက်စေ့မြေလို့ သုံးထားတာက အဲ့ဒီမြေမှာ အပူဓါတ်ပေါင်းစပ်တဲ့ သဘောကို ပြောခြင်းဖြစ်တယ်။ အိုးခတ်ရွှံ့ ဆိုတာ အိုးဖြစ်အောင်ပြုလုပ်ပြီး၊ အုတ်ခဲဖြစ်အောင် ပြုလုပ်ပြီး လို့ ဆိုလိုပြီး အပူပေး မီးဖုတ်ပြီးလို့ ဆိုလိုတယ်။ ဒီမှာမှ လူဟာ သေချာတဲ့ "လူ" အဆင့်ကို ဖြစ်လာတယ်။ အဲ့တော့မှ **ရူးဟ်** (ဉာဏ်ဇ)ကို သက်ဝင်စေတယ်၊ (၁၅း၂၉)။ **ဂျင်** က လူသားကို မီးဖုတ်နေဆဲကာလ ဖြစ်တယ်။ အဲ့ဒီအကြမ်းထည် **လူ** ဘဝက သူဟာ ရူးဟ် (ဉာဏ်ဇ)ကို လက်ခံလိုက်တာနဲ့ အဲ့ဒီ ဉာဏ်ကို စသုံးပြီး ပတ်ဝန်းကျင်ကြီးရဲ့ အတွေ့အကြုံကို ဆင်ခြင်တော့တယ်။ ဒီတော့ တတ်သိပညာရှင်တွေ ပေါ်လာတယ်၊ ပေါ်လာတဲ့ တတ်သိပညာရှင်တွေထဲမှာ ရိုးသားဖြူစင်ပြီး မိမိရဲ့ ပညာအလျှောက် လူသားတွေကို ကူညီစောင်မ သူများကို မလာအီကာဟ်တွေလို့ ခေါ်တယ်။ သူတို့ကိုလည်း မြေက ဖြစ်တည်စေတာပဲ၊ (၃၇း၁၁)။ သူတို့ထဲကလည်း ရစူလ်တွေ ပွင့်ပေါ်တာပဲ။ (မလာအီကာဟ် ဆိုတာ လူမဟုတ်ဘူး၊ နတ်တွေဖြစ်တယ်၊ သူတို့ကို အလ္လာဟ်က အလင်းနဲ့ ဖန်ဆင်းတယ် ဘာညာ- ဒါတွေက သမ္မာကျမ်း အယူတွေပါ- ညီလေးဖတ်ဘို့ မလာအီကာဟ် ရှင်းတမ်းကို သီးသန့်ပို့ပေးပါမယ်)၊

သူတို့တွေက လူသားတွေရဲ့ အကြံပေးတွေ ဖြစ်လာတယ်။ ဒါကြောင့် သူတို့အားလုံးကို မလာအိ တွေလို့ ကျမ်းတော်က သုံးတယ်။ သူတို့သည်လည်း လူသားဖြစ်တော့ ခံစားချက်တွေ၊ ခံယူချက်တွေ ရှိတယ်။ အငြင်းပွားမှုတွေ၊ ဂုဏ်သိက္ခာလုမှုတွေ ရှိတယ်၊ (၃၈း၆၉) ကိုကြည့်ပါ။ (ဆရာတော်ကြီးများက မလာအီကာဟ်တွေမှာ ခံစားချက်မရှိဘူး ဆိုတာ တင်စားမှုတစ်ခုပါ၊ (အောက်မှာ ရှင်းပြပါမယ်) ခံစားချက်ရှိလို့ ငြင်းကြ ခုံကြတာ (၃၈း၆၉) မှာ အတိအကျ ပြော ထားခြင်း ဖြစ်ပါတယ်၊)

သူတို့ရဲ့ ငြင်းခုံ အာဏာလုနေတဲ့ ကာလ၊ နောက်လိုက်လူထုကြီးက ဘာကို လိုက်ရမှန်းမသိ ဖြစ်နေချိန်များမှာ သူတို့လို တွေးတောသိ မဟုတ်ဘဲ တိုက်ရိုက် ဉာဏ်စဉ်သိ လူသားတွေ ပွင့်ပေါ်လာလေ့ရှိတယ်။ သူတို့ကို နဗီ ရယ်လို့ ခေါ်တယ်။

တိုင်းပြည်တစ်ပြည်မှာ စနစ်တစ်ခုကို ပြောင်းတော့မယ်ဆိုရင် တော်လှန်ရေး အင်အားစုကြီး ပေါ်လာသလိုပဲ- အဲ့ဒီမှာ အုပ်စုဖွဲ့ကြ၊ အတွေးအခေါ်တွေ ဒသနတွေ အငြင်းပွားကြနဲ့ ရှုပ်နေလိမ့်မယ်။ ပြီးတော့ အဲ့ဒီ အင်အားစုကြီးက နဂိုရှိရင်းစွဲ အာဏာပိုင်အုပ်စုကြီးကို တော်လှန်ကြနဲ့ အမျိုးမျိုးဖြစ်နေလိမ့်မယ်။ ဒီကြားထဲမှာမှ နောက်ဆုံး ခေါင်းဆောင်တစ်ဦးက နိုင်ငံကို အုပ်ချုပ်ခွင့်ရတာပဲ။ (နှစ်ယောက် သုံးယောက် ပြိုင်တူ နံပါတ် တစ် ဆိုတာ မရှိဘူးဗျာ)။

အလားတူပဲ တတ်သိပညာရှင်တွေ ကြီးစိုးလာတဲ့ ကာလမှာ၊ လူတွေက ယုံကြည်အားထားရာ
ပညာရှင်ကို အားကိုးကြတယ်၊ သူချပေးတဲ့ ဒဿန အတွေးအခေါ်ကို လိုက်ကြတယ်၊ အဲဒီလို
ဒဿန အတွေးအခေါ်တွေကို လိုက်ရာက ယုံကြည်ပုံအပ်လျှက် အသက်ပေးမှုတွေ၊
ဘဝပေးမှုတွေထိ ဖြစ်လာကြတယ်၊ ဒါကို ကိုးကွယ်တယ် လို့ ခေါ်ပါတယ်။
လူတွေက မိမိအတွက် ပေးထားတဲ့ ရှုးဟ်(ဉာဏ်ဇ)ကို မသုံးရင်လည်း ရတယ်နော်၊
အလ္လာဟ်အရှင်က အတင်း ယူကိုယူရမယ်လို့ ပေးထားတာ မဟုတ်ဘူး။ လူအများစုကြီးကလည်း
ဉာဏ်ဇ ကိုမယူပါဘူး ဒါပေမယ့် အခြား သတ္တဝါများလိုလည်း မနေဘူး စောစောက
မလာအီကာဟ်တွေ ပြောဆိုလမ်းပြတာကို မျက်လုံးမှိတ်လိုက်နာတော့တာပဲ။
ဘယ်သူပြောတာကိုမှ မလိုက်နာဘဲ မိမိရဲ့ မူလဗီဇ အတိုင်းနေရင် သူတို့မှာ ဘာဒုက္ခမှ မရှိဘူး။
လိုက်နာမိတော့ ရိုးသားဖြူစင်တဲ့ တတ်သိပညာရှင်တွေနောက်ကို လိုက်မိရင် ကောင်းရဲ့။
မရိုးသားမဖြူစင်တဲ့ တတ်သိပညာရှင်တွေနောက်ကို လိုက်မိရင် သူတို့ရဲ့ လှည့်စားခြင်းကို
ခံရတော့မယ်လေ။ ဒီတော့ ဘဝပုံအပ်မှု အမှားတွေကို ကြုံရတော့မယ်။
ဒီအခြေအနေမျိုးမှာ ဘယ်သူ့နောက်ကိုမှ မလိုက်ဘဲ၊ မိမိဟာ မိမိ အဖြူထည်ဘဝနဲ့
အမှန်ကိုရှာတဲ့သူတွေ ပေါ်လာတယ်၊ (အင်မတန် လူနည်းစုပါ)။ သူတို့ကအမှန်ပကတိကို
စူးစမ်းရင်း ဆင်ခြင်ရင်း limited တွေကို သိလာတယ်၊ သူတို့က လူသားရဲ့ သတ္တဝါဗီဇနဲ့
ရှုးဟ်(ဉာဏ်ဇ)ကို ခွဲခြားသိလာတယ်။ သတ္တဝါဗီဇရဲ့ limited ထက် ရှုးဟ် ဉာဏ်ဇ ရဲ့ limted က
ပိုမို ဆန့်ထုတ်နိုင်ကြောင်းကိုလည်း သိလာတယ်။ သတ္တဝါဗီဇရဲ့ limted က အဲ့ဒီ limited
ဘောင်ကို မကျော်ဖြတ်နိုင်ဘူး၊ ရှုးဟ် ဉာဏ်ဇ ရဲ့ limted က သတ္တဝါဗီဇရဲ့ limted ဘောင်ကို
ကျော်ဖြတ်နိုင်ပြီး limted ကင်းတဲ့နေရာထိ ကျက်စားနိုင်ကြောင်းကို သိလာတယ်။ အဲ့လို
သိလာတဲ့အခါမှာ ဘော်လုံး ပွဲကိုအပြင်က ထွက်ကြည့်သလို မြင်သွားတယ်။ စောစောက
မလာအီကာဟ်တွေက သတ္တဝါဗီဇရဲ့ limited ထဲမှာပဲ ရှုးဟ် ကို လှည့်ပတ်သုံးစွဲနေပြီး-
သတ္တဝါဗီဇရဲ့ limited ဘောင်အပြင်ကို ဆွဲမဆန့်ဘူး၊ ဆွဲထုတ်ရမှန်းလည်းမသိဘူး၊
ဆွဲထုတ်ရကောင်းမှန်း သတိလည်းမရဘူး။ အခြားလူတွေထက် ပိုသိတဲ့ ဆင်ခြင်တုံအားလောက်မှာ
ပျော်မွေ့ကျက်စားနေကြောင်းကိုလည်း သိလာတယ်။ သတ္တဝါဗီဇရဲ့limited ဘောင်ကို
ကျော်လွှန်သူတွေထဲမှာ အဆင့်က ကွဲပြားပြန်တယ်။ အချို့က ကိုယ်ကိုယ်တိုင်ပဲ ကျော်လွှန်ပြီး
limited ကင်းတဲ့နေရာကို ရောက်တယ်၊ ဒီလို လူသားတွေကို ဆလာမတ် (သန္တိသုခ ခေါ်
ငြိမ်းအေးမှုအတိ)ထိ ကိန်းဆိုက်တယ်လို့ ခေါ်တယ်။ limited ဘောင်ကျော်တဲ့အထိ
လွတ်မြောက်သူတွေကို မြန်မာဘာသာရေးဝေါဟာရ term မှာ ဝိမုတ္တိဖြစ်တယ် လို့ ခေါ်တယ်။
ဒီထက် အဆင့်မြင့်တဲ့ လူတွေက လောကဓမ္မ (လောကအတွက် ပြဌာန်းပြီး နိယာမများ)ကို
သိသွားတယ်။ အဲ့ဒီအထဲက အခြားသူများအား ပြန်လည်ပြောပြနိုင်တဲ့ ပုဂ္ဂိုလ်တွေကို နဗီ အဆင့်လို့
ခေါ်တယ်။ ဝတ္ထုတစ်အုပ်ကို ဖတ်ပြီး ပြန်ပြောပြနိုင်သူနဲ့ ပြန်မပြောပြနိုင်ဘဲ ကိုယ်သာသိနေသူလို
ကွာသွားတယ်။ နဗီ အဆင့်မှာ နှစ်မျိုးရှိပြန်တယ်၊ လူသားတွေကို သူ့ခေတ်ကာလအလိုက်
လောကဓမ္မနဲ့ အလိုက်သင့်နေထိုင်နည်း law ကို ပြောပြနိုင်သူကို ရစူလ်လို့ခေါ်တယ်။
သာမန်ပြောဆို ဆုံးမနိုင်သူက နဗီ အဆင့်ဖြစ်တယ်။
ဒီနေရာမှာ ရစူလ်တွေ၊ နဗီ တွေ ဖြစ်လာနိုင်စေဘို့ limited တွေ ကို ကြိုတင်ပြဌာန်းပေးထားတာက
အလ္လာဟ်ပဲ ဖြစ်တယ်။ မောင်နီပဲ ဖြစ်စေရမယ်၊ မောင်ဖြူပဲ ဖြစ်စေရမယ်လို့ သတ်မှတ်ထားချက်
မရှိဘူး။ လူမှန်ရင် ဘယ်သူ မဆို ဖြစ်နိုင်ခွင့်ရှိတယ်။ သို့သော်...

လူမှန်ရင် ဘော်လုံးသမားကောင်း လူတိုင်း ဖြစ်ခွင့်ရှိပေမယ့် ပီလီ လို၊ မာရာဒိုနာ လို၊ ရော်နယ်ဒို လို၊ ဇီဒိန်း လို၊ ရောနယ်ရင်ဟို လို၊ ဘက်ဟမ်း လို ဖြစ်ဘို့ကတော့ သူ့စံအချိန်အလျောက် ဝိရိယ- ကျမ္မာရေး- ပတ်ဝန်းကျင် အထောက်အပံ့ တွေ ရှိနေဘို့တော့ လိုလိမ့်မယ်။ ဒါတွေအားလုံးက မျိုးစဉ်မျိုးဆက် ပံ့ပိုးမှုတွေ၊ သို့မဟုတ် ပတ်ဝန်းကျင်တစ်ခုရဲ့ ပံ့ပိုးမှုတွေ လိုအပ်တယ်။

ဒါကြောင့် ကျမ်းမြတ်ကုရ်အံမှာ မျိုးဆက် ဆိုတာကို အလေးထား စကားပြောတယ်။ အဲ့ဒီ မျိုးဆက် ဆိုတာက ဒုက္ခဆီသို့ မောင်းနှင်တတ်တယ်၊ သို့မဟုတ် သုခဆီသို့ တွန်းပို့တတ်ပါတယ်။

ရစူလ်တစ်ပါး သို့မဟုတ် နဗီတစ်ပါးက သူသိတဲ့ လောကဓမ္မ (လုံးဝ အမှန်နီယာမ)ကို ထုတ်ပြောရတာက သာမန် လူသားတွေက ဉာဏ်ဇကို မသုံးဘဲ ထင်ရာမြင်ရာတွေကို လိုက်နာပြီး ရေးမှာ ဒုက္ခရောက်မှာ စိုးလို့သာ ဖြစ်တယ်။ အပေါ်မှာပြောခဲ့ပါပြီ၊ လူ ဟာ ဘာကိုမှ မလိုက်နာဘဲ အခြား သတ္တဝါများနည်းတူနေလိုက်ရင် အခြား သတ္တဝါများ နည်းတူ ခန္ဓာဒုက္ခပဲ ရှိမယ်။ အဲ့ဒီ ခန္ဓာ ဒုက္ခကို အလိုလို ကာကွယ်ဘို့ အလ္လာဟ်က သူ့ဆွေဖတ်သ်တော်အတွက် သူ ပြဋ္ဌာန်းပြီးသားပါ (အပေါ်က အရေပြား ဥပမာကို ကြည့်ပါ။)

ဉာဏ်ဇကိုလည်း မသုံး တတ်သိပညာရှင်တွေ ဆီမှာ ကျွန်ခံလိုက်ရင် အဲ့မှာ အမှားကိုတွေ့နိုင်တယ်၊ အမှန် ကို တွေ့နိုင်တယ်၊ အဖြေက မသေချာဘူး။ ဒီလို အချိန်မျိုးမှာ အမှန်ကို လုံးဝ သိနေတဲ့ နဗီတွေက လူတွေ အမှားမတွေ့အောင် ဝင်ပြောပေးရပါတယ်။ လမ်းတစ်လမ်းကို မလျှောက်ဘဲ နေရင် ဘာမှ မဖြစ်ပါ။ လျှောက်မိရင်ရှေ့မှာ ချောက်ရှိသလား၊ ဆူးရှိသလား ဆိုတာ တစ်ကယ်သိနေသူတွေက ဝင်ပြောတာက ကရုဏာမျှသာ ဖြစ်တယ်။

ဒီလို အခြေအနေမှာမှ နဗီတွေ၊ ရစူလ်တွေကို မနာလိုစိတ်နဲ့ ပုံကန်ဆန့်ကျင်တဲ့ လူသားကို ရှိုင်တွာန်လို့ ခေါ်တယ်။ မာနထောင်ပြီး မနာခံတဲ့ လူသားကို အီဗလီးဆ်လို့ခေါ်တယ်။

ရိုးသားဖြူစင်တဲ့ တတ်သိပညာရှင်တွေကိုပဲ တတ်သိပညာရှင်အစစ် (မလာအီကာဟ်) ဖြစ်တယ်လို့ ကျမ်းတော်က ပြန်လည်ခွဲခြား ပြောဆိုတယ်။

သူ့ဟာသူ တတ်သိပညာရှင် ဘယ်လောက်ဖြစ်ဖြစ် မိမိရဲ့ ဆင်ခြင်တုံတရားထက်ကျော်လွန်ပြီး မိမိမသိနိုင်တာကို တစ်ကယ်သိတဲ့သူက ဖေါ်ပြောတဲ့ အချိန်မှာ မာနနဲ့ မနာလိုမှုနဲ့ အာခံသူကို ကျမ်းတော်က မလာအီကာဟ်လို့ မသတ်မှတ်ပေးဘူးဗျာ။ ဒါကြောင့် ဆရာတော်ကြီးတွေက မလာအီကာဟ်တွေမှာ ခံစားချက်မရှိဘူး (ဆိုလိုတာ က) သူတို့ရဲ့ ကိုယ်ပိုင် ခံစားချက် ဆင်ခြင်ချက်ကို ပါယ်သတ်ပစ်နိုင်တယ်လို့ ဆိုလိုတာပါ။

လောက ဖြစ်စဉ်တစ်ခုလုံးမှာ အလ္လာဟ်က ဇာတ်ထောင်ပြီး ပြဇာတ်ရေးနေတာ မဟုတ်ပါ။ မင်းသားခန့်လိုက် လူကြမ်းခန့်လိုက် လုပ်နေတာလည်း မဟုတ်ပါ။ အလ္လာဟ် သူ့ ဆွေဖတ်တော်တွေ အတွက် သူ့ဟာသူ law နဲ့ limited ကို ပြဋ္ဌာန်းပေးထားတယ်။ အဲ့ဒီ ဆွေဖတ်တော်ချင်းပေါင်းစပ်ရာမှ ဖြစ်တည်လာတဲ့ အရာများထဲမှာ အုပ်စုလိုက် ထိန်းသိမ်းစောင့်ရှောက်မယ့် law ကို ပြဋ္ဌာန်းတယ်။ ဥပမာ- နေ မိသားစုထဲမှာ ဒီကမ္ဘာဂြိုလ် အပါ အဝင် အခြားသော ကမ္ဘာများကို နေက ထိန်းသိမ်းစောင့်ရှောက်ပေးရတယ်။ နေက သူ့သတ်မှတ်ချက် စည်းတစ်ခုကို ကျော်လိုက်တာနဲ့ သူ့ရဲ့ ထိန်းသိမ်းမှုထဲက ကမ္ဘာတွေအားလုံး ရုပ်သိမ်းပြီးသား ဖြစ်သွားမယ်။

အလားတူပဲ- လူက လောကအပေါင်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဘို့ ဉာဏ်ဇ ကို ပေးတယ်။ အဲ့ဒီ ဉာဏ်ဇ ကို ယူမယူ ဆိုတာက တစ်သီးပုဂ္ဂလ အခွင့်အရေး ဖြစ်တယ်။ တစ်သီးပုဂ္ဂလက မယူဘဲပြီး သူ့ဟာသူ တောထဲမှာ သူ့သဘာဝ အတိုင်းနေပါ။ သူ့အတွက် အခြားသတ္တဝါများလို့ ခန္ဓာ

ဒုက္ခကလွဲပြီးဘာမှ မရှိပါ။ အဲ့ဒီလို နေတဲ့ မျိုးရိုး များလည်း အခုခေတ်ထိ တောတွေထဲမှာ ရှိနေပါတယ်။
ဉာဏ်ဇကို ယူပြီးရင် အဲ့ဒီ ဉာဏ်ဇကို သုံးရမယ့် လမ်းညွှန်အတိုင်း ရိုးရိုးသားသား သုံးပါ။ သူဟာ လောက အပေါင်းကို အုပ်ချုပ်ထိန်းသိမ်းနိုင်သူ ဖြစ်လာပါလိမ့်မယ်။ ကိုယ်ကိုယ်တိုင်က ဉာဏ်ဇကိုလည်း မယူ၊ အခြား အင်စန်"လူ"တွေလို နေချင်ရင် နဗီတွေရဲ့ လမ်းညွှန်ကို လိုက်ပါ။ သူ့အတွက် ဒုက္ခ မရှိစေရဘူးလို့ အာမခံချက် ရှိတယ်။ သို့မဟုတ် ကိုယ်ကိုယ်တိုင်က ဉာဏ်ဇကို ယူတယ်၊ ဒါပေမယ့် သတ္တဝါဗီဇ limited ဘောင်ကို မကျော်လိုပဲ အဲ့ဒီ limited ဘောင်ထဲမှာ ပျော်မွေ့လိုရင် မိမိရဲ့ သတ္တဝါဗီဇမှာပါတဲ့ လောဘ၊ ဒေါသ၊ မောဟ ကို ပံ့ပိုးဘို့ရာ ဉာဏ်ဇကို မသုံးမိစေဘို့ ဆင်ခြင်ပါ။ သူဟာ မလာအီကာဟ် အဆင့်ကို ရောက်ပြီး သူ့အတွက်လည်း ဒုက္ခမရှိဘူး။
ကိုယ်ကိုယ်တိုင်က ဉာဏ်ဇကို ယူတယ်၊ သာမန်လူ အများထက်သာအောင်လုံ့လပြုတယ်။ ဒါပေမယ့် အဲ့ဒီ ဉာဏ်ဇကို သုံးပြီး ကိုယ့်လောဘအတွက်ပဲ ကိုယ်မွမ်းမံနေတယ် ဆိုရင် သူက စိတ်သောကနဲ့ ကြုံတွေ့ရမယ်။ အဲ့ဒါကို ဒုက္ခလို့ခေါ်တယ်။ ငရဲလို့ခေါ်တယ်။ သူ့ရဲ့ ကီယာမတ် (ရုပ်တည်မှုတိုင်း၊ ဘဝတစ်ဆစ်ချိုး အဖြေထွက်တိုင်းက) ဒုက္ခပဲ ဖြစ်နေလိမ့်မယ်၊ ငရဲပဲ ဖြစ်နေလိမ့်မယ်။ ဒီအခါမှာ သူက ဒါတွေဖြစ်ရတာ အလ္လာဟ့်ကြောင့်လို့ အပြစ်တင်လိမ့်မယ်။ အပြစ်တင်တာလည်း အပြစ်မရှိပါ။ သို့သော် ကျမ်းတော်ကတော့ လူသား- သင်ဟာ သူ့ရဲ့ စရိုက်ကိုပဲ သင်အပြစ်တင်ပါ၊**နာ့ဖ်ဆိလောင်ဝါမာဟ်** ဖြစ်အောင်ကျင့်ပါလို့ ဆိုတယ်။ အဲ့လို မိမိရဲ့ စရိုက်ကို အပြစ်တင်တတ်တဲ့ အကျင့်မျိုးဖြစ်လာရင် သူဟာ လူရဲ့ သတ္တဝါဗီဇ limited ဘောင်ကို ကျော်နိုင်တဲ့ အဆင့် နာဖ်ဆိမုတ္တမာအီနာဟ် ကိုရောက်ပြီးလောကက ဖေါက်ထွက်သွားနိုင်ပါပြီ။ ဒီလောက်ဆို ညီလေးနားလည်လောက်မယ်လို့ ယူဆတယ်။ ဦးနှောက်မှာ အစာမကျေနိုင်တာများရှိရင် ဆွေးနွေးပါ။ အားမနာတမ်းဆွေးနွေးပါ။ ကျွန်တော်လည်း ကျွန်တော်သိနေတာထဲက စကားလုံးဖွဲ့လို့ ရသလောက်ကိုပဲ ပြောပြနိုင်ပါတယ်။ အသိက limited ဘောင်ကို ကျော်နေပေမယ့် ဝေါဟာရတွေက limited ထဲမှာပဲ ရှိနေပါတယ်။ ဆွေးနွေးမှုပြုရင် နောက်ထပ်နားလည်မှုလွယ်တဲ့ လောကစကားလုံးတွေ ထွက်လာနိုင်ပါတယ်။

ချစ်ခင်စွာဖြင့်
ဌေးလွင်ဦး